# ဓမ္မသိရိ ၊ အရှင် (အေဒီ–၄၅၀ ခန့်)

## ခုဒ္ဒသိက္ခာကျမ်းပြု

အရှင်ကေလာသ

**ခုဒ္ဒသိက္ခာ**နှင့် **မူလသိက္ခာ**တို့သည် ရဟန်းသာမဏေများ နှုတ်ရအာဂုံ ဆောင်ထားကြသည့်အထိ ပြည့်စုံကောင်းမွန်သော ဝိနယသံခိပ်ကျမ်းများဖြစ်ကြ၏။ ယင်းတို့ကို မြန်မာ၊ သီရိလင်္ကာစသော ထေရဝါဒနိုင်ငံများ၌ ကျယ်ပြန့်စွာ သင်ယူပို့ချကြသည်။ အရှင်ဗုဒ္ဓဒတ္တ၏ ဝိနယဝိနိစ္ဆယနှင့် ဥတ္တရဝိနိစ္ဆယတို့ထက် သင်ယူပို့ချမှု များသောကျမ်းများလည်းဖြစ်သည်။ ဝိနယပိဋကမှ မူရင်းသိက္ခာပုဒ်ပါဠိတော်များကို ထုတ်နုတ်ထားသည့် ဘိက္ခုပါတိမောက်နှင့် ဘိက္ခုနီပါတိမောက်အပြင် ဖော်ပြပါနှစ်ကျမ်းကိုပါထည့်၍ ဝိနည်းငယ်လေးစောင်ဟု ခေါ်စမှတ်ပြုခဲ့ကြသည်။

ခုဒ္ဒသိက္ခာကျမ်းကို ယင်းကျမ်းနိဂုံးအရ အရှင်ဓမ္မသိရိမထေရ်စီရင်ကြောင်းသိရပြီး **မူလသိက္ခာ**ကိုမူ အရှင်မဟာသာမိမထေရ်စီရင်ကြောင်း အစဉ်အလာအားဖြင့် မှတ်သားကြသော်လည်း ယင်းနိဂုံး၌ တစ်စုံတစ်ရာ ဖော်ပြချက်မရှိချေ။ သို့ရာတွင် ကျမ်းစာများကို လေးစားကြည်ညိုစွာ သင်အံမှတ်သားကြသကဲ့သို့ ကျမ်းပြုပုဂ္ဂိုလ်အကြောင်းကိုလည်း လေ့လာသုတေသနပြုသင့်လှသည်။

### ခုဒ္ဒသိက္ခာ

ခုဒ္ဒသိက္ခာကျမ်း၏ စာကိုယ်ပါဖော်ပြချက် အများစုမှာ ဝိနယပါဠိတော်များမှ ထုတ်နုတ်ချက်များဖြစ်သည်။ သို့ရာတွင် ဖော်ပြချက်အချို့၏ မူရင်းကျမ်းများကို ရှာမရဘဲရှိသေးကြောင်း ဖော်ပြကြသည်။

အက်ဒွပ်မူလာ(Dr. Edward Muller)ကမူ ပါဠိတော်၌ရှာမရသည့် ယင်းစာပိုဒ်များသည် ဝိနယအဋ္ဌကထာများမှ ကောက်နုတ်ချက်များ ဖြစ်သည်ဟု ဆိုသည်။ ခုဒ္ဒသိက္ခာ၌ ဆယ့်တစ်ရာစုခန့်က အမည်မသိသူ စီရင်သည့် သီဟိုဠ်ဘာသာနိဿယ တစ်စောင်ရှိသည်။ ထို့ပြင် ၁၂-ရာစုနှောင်းပိုင်းတွင် **ဝနရတနအာနန္ဒ**မထေရ်က ခုဒ္ဒသိက္ခာသီဟိုဠ်နိဿယကို ရေးခဲ့သည်ဟုသိရသည်။ **အရှင်ရေဝတ** သို့မဟုတ် ဝိနယဝိနိစ္ဆယဋီကာ ဟောင်းကိုရေးသည့် အရှင်မဟာယသ၏ ပေါရာဏဋီကာ တစ်စောင်၊ သုဗောဓာလင်္ကာရစသည်ကို ရေးသည့် အရှင်သံဃရက္ခိတ၏ဋီကာသစ်ဟု ဋီကာနှစ်စောင်ရှိသည်[၁]။ မောဂ္ဂလ္လာန်သဒ္ဒါကျမ်းပြုအရှင်မောဂ္ဂလ္လာန်လည်း ခုဒ္ဒသိက္ခာ၏အဖွင့် ဋီကာတစ်စောင် ရေးခဲ့ကြောင်းသိရသည်။ သို့ရာတွင် ယင်းကျမ်းမှာ သီဟိုဠ်ဘာသာရှေးဟောင်းအဖွင့်ကို မှီငြမ်းပြု ရေးသားခြင်းဖြစ်ပြီး ယခုအခါ ပျောက်ဆုံးသွားပြီဟုဆိုသည်[၂]။

မူလသိက္ခာ၌မူ ဉာဏသိဒ္ဓိအမည်ရှိ ပညာရှိပုဂ္ဂိုလ်စီရင်သည့် ဋီကာတစ်စောင်ရှိကြောင်း ယင်းဋီကာ၏ နိဂုံးအရ သိရသည်။

### အရှင်ဓမ္မသိရိ

ခုဒ္ဒသိက္ခာ၊ မူလသိက္ခာကျမ်းပြု ပုဂ္ဂိုလ်နှစ်ပါးလုံးမှာ သီဟိုဠ်ကျွန်း၊ အနုရာဓပုရမြို့တွင် နေထိုင်ခဲ့ကြသည်ဟု ယူဆကြသည်။ အရှင်မြတ်တို့၏ ဘဝအကြောင်းကိုမူ သဲလွန်စပင် ရှာဖွေရန် မစွမ်းနိုင်ပါချေ။ အရှင်မြတ်တို့ ရေးသည့်ကျမ်း၏ စာကိုယ်နှင့် အခြားပုဂ္ဂိုလ်များ စီရင်သည့်ကျမ်းဂန် အဆိုအမိန့်များကို ညှိနှိုင်းတိုက်ဆိုင် ခန့်မှန်းရုံသာဖြစ်နိုင်သည်။

ဝဇိရဗုဒ္ဓိဋီကာရှင်သည် ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရိနှင့်ပတ်သက်သည့် သဲလွန်စအတော်အတန် ပေးခဲ့သည်။ ဝဇိရဗုဒ္ဓိဋီကာ၏ သက်တမ်းနှင့်ကြည့်မူ ယင်းသဲလွန်စများမှာ အလွန်အဖိုးတန်လှသည်။ သို့ရာတွင် သီဟိုဠ်နှင့် အနောက်တိုင်းပါဠိပညာရှင်တို့ ဝဇိရဗုဒ္ဓိဋီကာအကြောင်း အကျယ်တဝင့် ဝေဖန်ဆွေးနွေးမှု မရှိကြောင်းတွေ့ရသည်။ ယခု အရေးပါသည် သဲလွန်စတစ်ချို့ကိုဖော်ပြပါမည်။

ဝဇိရဗုဒ္ဓိဋီကာ၌ အောက်ပါအတိုင်း ဖော်ပြချက်တစ်ရပ်ပါရှိသည် -

**ဓမ္မသိရိတ္ထေရော** ပနာဟ-

'အတ္တနော အညတော လာဘံ၊
သံဃဿညဿ ဝါ နတံ။
ပရိဏာမေယျ နိဿဂ္ဂိ၊
ပါစိတ္တိ စာပိ ဒုက္ကဋန္တိ (ဝဇိရ-ဋီ၊ ၂၈၄)။

အဓိပ္ပါယ်မှာ "အရှင်ဓမ္မသိရိမထေရ်က 'အတ္တနော ။ပ။ စာပိ ဒုက္ကဋံ' ဟုဆိုထားသည်"ဟု ဖြစ်သည်။ ဖော်ပြပါ ဂါထာမှာ ခုဒ္ဒသိက္ခာဂါထာအမှတ် ၁၁၉-ဖြစ်သည်။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာရှင် ရည်ညွှန်းခဲ့သည့် အရှင်ဓမ္မသိရိမှာ ခုဒ္ဒသိက္ခာကျမ်းပြုပုဂ္ဂိုလ်ဖြစ်သည်မှာ သေချာသည်။

ဝဇိရဗုဒ္ဓိဋီကာမှ နောက်သဲလွန်စတစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်-

'ယတ္ထ ယတ္ထ ဂဏ္ဌိပဒေတိ ဝုစ္စတိ၊ တတ္ထ တတ္ထ **ဓမ္မသိရိ-တ္ထေရဿ** ဂဏ္ဌိပဒေတိ ဂဟေတဗ္ဗံ (ဝဇိရ-ဋီ၊ ၉၅)။

အဓိပ္ပါယ်မှာ '**ဂဏ္ဌိပဒ**ဟုဆိုရာ၌ အရှင်ဓမ္မသိရိမထေရ်၏ ဂဏ္ဌိပဒဟုယူပါ'ဟုဖြစ်သည်။ အထက်ပါ ဖော်ပြချက်အရ အရှင်ဝဇိရဗုဒ္ဓိအလို ထိုဓမ္မသိရိထေရ်သည် ဝိနယဂဏ္ဌိပဒကျမ်းကိုလည်း ရေးသားခဲ့သည်။

---

[၁] G.P. Malalasekera, The Pali Literature of Ceylon p. 76-77

[၂] PLC, p. 76

နောက်သဲလွန်စတစ်ခုမှာ ဤသို့ဖြစ်သည်-

"အာစရိယာ နာမ **ဗုဒ္ဓမိတ္တတ္ထေရ ဓမ္မသိရိတ္ထေရ ဥပတိဿတ္ထေရာ**ဒယော ဂဏပါမောက္ခာ၊ အဋ္ဌကထာစရိယဿ စ သန္တိကေ သုတပုဗ္ဗာ။ တတော အညေ ဧကေတိ ဝေဒိတဗ္ဗာ (ဝဇိရ-ဋီ၊ စာ-၁၄၇)။

အဓိပ္ပါယ်မှာ "ဆရာတို့ဟုဆိုရာ၌ အရှင်ဗုဒ္ဓမိတ္တ၊ အရှင်ဓမ္မသိရိ၊ အရှင်ဥပတိဿစသော အဋ္ဌကထာဆရာထံ၌ ကြားနာမှတ်သားဖူးကြသည့် ဂိုဏ်းချုပ်မထေရ်များဖြစ်ပြီး ထိုမှတစ်ပါးသော ပုဂ္ဂိုလ်များကို ဧကေဟုမှတ်ရမည်"

ဤဖော်ပြပါစကားအရ အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသထံ၌ ပိဋကတ်အဆုံးအဖြတ်ကို ကြားနာဖူးသူများတွင် ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရိပါဝင်သည်။ ဝဇိရဗုဒ္ဓိ၌ 'အဋ္ဌကထာဆရာထံ၌'ဟု သာမန်ဆိုသော်လည်း ယင်းအဋ္ဌကထာဆရာဟူသည်မှာ အရှင်မဟာဗုဒ္ဓဃောသကို ရည်ရွယ်ကြောင်း အောက်ပါစကားအရ သိရသည်-

"အယံ ပနေတ္ထသာရောတိ (ဝိ-ဋ္ဌ ၁၊ ၂၇၉) အာဒိကာယ 'အမှာကံ အာစရိယဿ ဝစန'န္တိ ဓမ္မသိရိတ္ထေရော အာဟ။ သင်္ဂဟာစရိယာနံ ဝါဒေါတိ ဧကေ။

(ဝဇိရ-ဋီ၊ ၁၂၈ )

ဖော်ပြပါ ဝဇိရဗုဒ္ဓိဋီကာရှင်၏အာဘော်မှာ ပါရာဇိကဏ်အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ-၂၇၉ ၌ ပါရှိသည့် 'အယံ ပနေတ္ထသာရော = ဤသည်ကား အဓိပ္ပါယ် အနှစ်ချုပ်တည်း' စသောစကားရပ်ကို အရှင်ဓမ္မသိရိမထေရ်က ငါတို့ ဆရာအရှင်(ဗုဒ္ဓဃောသ)၏စကားဖြစ်သည်ဟုဆို၏။ အချို့ဆရာတို့ကမူ ယင်းစကားရပ်မှာ အဋ္ဌကထာအကျဉ်းကို ရေးသားကြသောမထေရ်တို့၏ ဝါဒဖြစ်၏ဟု ဆိုကြသည်' ဖော်ပြလိုခြင်းဖြစ်သည်။

အရှင်ဓမ္မသိရိက အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသကို ရည်ညွှန်းပြီး 'ငါတို့ဆရာအရှင်၏စကား' ဟုဆိုသည်ကို ဝဇိရဗုဒ္ဓိဋီကာရှင်ကဖော်ပြသဖြင့် အရှင်ဓမ္မသိရိသည် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသထံ၌ ပညာသင်ကြားလေ့လာဖူးသည်ဟု အစဉ်အလာမှတ်သားချက်မှာ ယုတ္တိရှိသည်။ အကြောင်းမူ 'အမှာကံ အာစရိယဿ ဝစနံ = ငါတို့ဆရာ၏ စကားဖြစ်၏'ဟု အရှင်ဓမ္မသိရိဆိုကြောင်းကို အရှင်ဝဇိရဗုဒ္ဓိအနေဖြင့် အရှင်ဓမ္မသိရိပြုစုသော 'ဝိနယဂဏ္ဌိပဒ'ကျမ်းမှဖြစ်စေ၊ ဆရာစဉ်ဆက်ပြောဆိုချက်အရဖြစ်စေ အမှန်အတိုင်း သိနိုင်ဖွယ်ရှိသောကြောင့်ဖြစ်သည်။ ထိုအချိန်က အရှင်ဝဇိရဗုဒ္ဓိ၌ ရှေးကျပြီးခိုင်လုံသည့် ကျမ်းဂန်များ ရရှိထားနိုင်သည်။

စိတ်ဝင်စားဖွယ်အချက်တစ်ခုမှာ အရှင်ဥပတိဿနှင့် အရှင်ဓမ္မသိရိတို့သည် အဋ္ဌကထာဆရာထံ၌ နည်းခံဖူးသည်ဆိုသော်လည်း တစ်ခါတစ်ရံ အယူအဆ လုံးဝ မတူကြကြောင်း တွေ့ရသည်။

"စိနိတ္ဝာ ကတပံသုပုဉ္ဇေ တိဏဂုမ္ဗရုက္ခာ စေ ဇာယန္တိ၊ ပဗ္ဗတော ဟောတီတိ ဓမ္မသိရိတ္ထေရော။ နေဝါတိ ဥပတိဿတ္ထေရော ဝုတ္တံ" (ဇဇရ-ဋီ၊ ၄၅၂) ပုံထားသည့် မြေပုံပေါ်၌ မြက်ချုံသစ်ပင်များ ပေါက်ရောက်နေလျှင် တောင်ပင်ဖြစ်သည်ဟု အရှင်ငဓမ္မသိရိထေရ်က ယူဆပြီး ဥပတိဿထေရ်ကမူ တောင်ဟုလုံးဝမဆိုနိုင်ဟု ဆိုသည်။

အရှင်ဝဇိရဗုဒ္ဓိအလိုအရ အရှင်ဓမ္မသိရိစသောမထေရ်များကို အဋ္ဌကထာဆရာ(အရှင်မဟာဗုဒ္ဓဃောသ)ထံ၌ စာသင်ဖူးသည်ဟု ဆိုလိုရင်းဖြစ်သည်။ အထက်ပါ ဖော်ပြချက်၌ **အရှင်ဗုဒ္ဓမိတ္တ**ထေရ်ဟူသည် အရှင်မဟာဗုဒ္ဓဃောသအား မဇ္ဈိမနိကာယ်အဋ္ဌကထာကို ရေးသားရန် တောင်းပန်သူလောဟုလည်း ယူဆနိုင်ဖွယ်ရှိသည်။

## မူလဋီကာ၏ 'ကေစိ'

မူလဋီကာကျမ်းပြု အရှင်အာနန္ဒာက 'ကေစိ'ဟု နှိမ်၍ ဆိုခံရသည့်ပုဂ္ဂိုလ်မှာ အရှင်ဓမ္မသိရိဖြစ်ကြောင်း အနုဋီကာကျမ်းပြု အရှင်ဓမ္မပါလကဆိုသည်[၁]။ သို့ရာတွင် အဆိုပါ အရှင်ဓမ္မသိရိမှာ မည်သည့်ကျမ်းကို ရေးကြောင်း မဖော်ပြချေ။

မြန်မာနိုင်ငံသာသနာ့ဂန္ထဝင်တွင် နေလပမာထင်ရှားပြီး နိဿယကျမ်းပေါင်း မြောက်မြားစွာကို ရေးသားပြုစုတော်မူခဲ့သော ဆရာတော်ဦးဗုဓ်ကမူ **ဝဇိရဗုဒ္ဓိဋီကာ**၌ညွှန်းဆိုသည့် ကလသပုရဝါသီ အာနန္ဒာစရိယနှင့် မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ၊ မူလဋီကာ၌ ကေစိထိုးခံရသည့် အရှင်ဓမ္မသိရိနှင့် ခုဒ္ဒသိက္ခာကျမ်းပြု အရှင်ဓမ္မသိရိတို့ကို အတူတူဟု ယူဆခဲ့သည်[၂]။

ဆရာတော်ဦးဗုဓ်၏ ယူဆချက်အတွက် ခိုင်လုံသောကျမ်းစာအထောက်အထား မတွေ့ရသေးသကဲ့သို့ ငြင်းဆိုရန်လည်း အကိုးသာဓကမရှိချေ။

တစ်ဖန် ဝဇိရဗုဒ္ဓိဋီကာ၌ပင် 'ယတ္ထ အနုဂဏ္ဌိပဒေတိ၊ တတ္ထ **ဝဇိရဗုဒ္ဓိတ္ထေရဿ အနုဂဏ္ဌိပဒေ**တိ ဂဟေတဗ္ဗံ[၃]' ဟု နာမည်တူအခြားသော ဝဇိရဗုဒ္ဓိမထေရ်၏ အနုဂဏ္ဌိပဒကိုညွှန်းဆိုချက် တွေ့ရသည်။ ထိုအတူ 'ယေ စ ဝဒန္တီတိ ဧတ္ထ ယေ စာတိ **ဝဇိရဗုဒ္ဓိတ္ထေရံ** သန္ဓာယာဟ[၄]'ဟူသော အနုဋီကာဖွင့်ဆိုချက်ကိုလည်း တွေ့ရပြန်သည်။

အရှင်ဓမ္မပါလ၏ အနုဋီကာ၌ဖော်ပြသည့် အရှင်ဝဇိရဗုဒ္ဓိသည် ဝဇိရဗုဒ္ဓိဋီကာလာ အနုဂဏ္ဌိပဒကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိ ဖြစ်ဖွယ်ရှိသည်။ အဘိဓမ္မအနုဋီကာ ဖွင့်ဆိုချက်များအရ ဝဇိရဗုဒ္ဓိဋီကာ၌ ရည်ညွှန်းသည့် အရှင်ဓမ္မသိရိနှင့်

---

[၁] အနုဋီ ၁၊ ၉၁-စသည်။

[၂] ခုဒ္ဒသိက္ခာနိဿယ၊ ဆရာတော်ဦးဗုဓ်။

[၃] ဝဇိရ-ဋီ၊ ၉၆။

[၄] အနုဋီ ၃၊ ၂၁၂။

အရှင်ဝဇိရဗုဒ္ဓိဘွဲ့အမည်များသည် မူလဋီကာရှင် ရည်ညွှန်းခဲ့သော ပုဂ္ဂိုလ်များနှင့် အမည်နာမချင်းတူနေသည်ကိုတွေ့ရသည်။ ယင်းသည် ဆရာတော်ဦးဗုဓ်၏ အာနန္ဒာနှစ်ပါးနှင့် ဓမ္မသိရိမထေရ်နှစ်ပါး အတူတူဟူသော အယူအဆကို အလေးသာစေသည်။

ဝဇိရဗုဒ္ဓိ၌ပင် အောက်ပါအတိုင်း ဖော်ပြထားသည်-

"**ဥပတိဿ**တ္ထေရော ဝဒတီတိ **အနုဂဏ္ဌိပဒေ** ဝုတ္တံ[၁]။ ဥပတိဿမထေရ်က မိန့်ဆိုကြောင်း အနုဂဏ္ဌိပဒ၌ ဆိုထားသည်"

ဤစကားအရ **ဥပတိဿ**မထေရ်သည် အနုဂဏ္ဌိပဒရေးသူ အရှင်ဝဇိရဗုဒ္ဓိထက် ရှေးကျသည်။ ယင်းအနုဂဏ္ဌိပဒရေးသူသည် အနုဋီကာ၌ ဖော်ပြသည့် (မူလဋီကာလာ **ယေ စ**-အရ) အရှင်ဝဇိရဗုဒ္ဓိနှင့်တူသည်ဟု ဆိုနိုင်လျှင် ယင်းပုဂ္ဂိုလ်သည် မူလဋီကာရှင်ထက်ရှေးကျသည်။ မထေရ်များကို အနီးမှအဝေးသို့စဉ်သော် မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ၊ အနုဂဏ္ဌိပဒကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိနှင့် အရှင်ဥပတိဿမထေရ်ဟူ၍ ဖြစ်သည်။ ထိုအရှင်ဥပတိဿသည် ဝဇိရဗုဒ္ဓိဋီကာမိန့်ဆိုချက်အရ အရှင်ဓမ္မသိရိ၊ အရှင်ဗုဒ္ဓမိတ္တတို့နှင့်အတူ မဟာဗုဒ္ဓဃောသထံ စာပေကြားနာဖူးသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ယူဆနိုင်ရာသည်။

အရှင်မဟာဗုဒ္ဓဃောသ၏ တပည့်ဖြစ်သည်ဟု ဝဇိရဗုဒ္ဓိက ဆိုသော်လည်း အရှင်ဓမ္မသိရိသည် အဋ္ဌကထာကျမ်းပြုစုရန်တောင်းပန်သူများ၌ မပါဝင်ချေ။

## ကျမ်းပြုခေတ်

ကျမ်းပြုသူ ပေါ်ပေါက်ရာခေတ်ကာလကို သတ်မှတ်ပြရန်မှာ အလွန်ခက်ခဲပြီး ပညာရှင်တို့မှာ အမျိုးမျိုး ခန့်မှန်းကြသည်။ အများစုက ခုဒ္ဒသိက္ခာ မူလသိက္ခာ နှစ်ကျမ်းလုံးကို တစ်ခေတ်တည်းဟု သတ်မှတ်လေ့ရှိကြသည်။

သီရိလင်္ကာ အစဉ်အလာယူဆချက်အရ အရှင်မဟာဗုဒ္ဓဃောသ သီဟိုဠ်သို့မကြွမီကပင် ခုဒ္ဒသိက္ခာနှင့် မူလသိက္ခာကျမ်းများ ရှိပြီးဖြစ်နိုင်သည်ဟုဆိုသည်။ ဘာသာစကားနှင့် သုံးနှုန်းထားပုံတို့မှာ ရိုးစင်းပြီး သက္ကတသြဇာလွှမ်းမိုးမှု ကင်းသည်။ အေဒီ ၁၀၆၅-တွင် ပုလတ္ထိမြို့ (Polonnaruva) ဂေါလ်ဝိဟာရ (Galvihara)ရှိ **ပရက္ကမဗာဟု**ကျောက်စာကြီး၌ ထိုကျမ်းနှစ်စောင်လုံး၏ အမည်ကိုတွေ့ရှိရသည်ဟုဆိုသည်။ပညာရှင် ဒီအောဝစ်စ်(D'Alwis)၏အလိုအရ ခရစ်နှစ် ၃၅၀-ခန့်ဟု ဆိုသည်။ ယင်းသည် ပါဠိတော်များကို အာဂုံဆောင်ထားသည့်ခေတ် ဖြစ်သည်ဟုဆိုသည်။ ပါမောက္ခ ရေးစ်ဒေးဗစ် (Rhys Davids)လည်း အစဉ်အလာအဆိုနှင့် ဒီအောဝစ်စ်၏အဆိုကို ထောက်ခံတင်ပြခဲ့သည်။

ဒေါက်တာ အက်ဒွပ် မူလာ (Dr. Edward Muller) ကမူ ဘာသာစကားနှင့် စကားလုံးများသုံးနှုန်းပုံကို ထောက်ပြလျက် အတော်အတန် ကျယ်ဝန်းစွာဆွေးနွေးပြီးနောက် မဟာဝံသ(ပထမပိုင်းကို ရည်ရွယ်သည်)ထက် နောက်ကျပြီး ခရစ်နှစ် ၆-ရာစုနှင့် ၇-ရာစုထက် စောနိုင်မည်မဟုတ်ဟု ယူဆလိုသည်[၂]။ အချို့သုတေသီတို့က ခုဒ္ဒသိက္ခာကို အလယ်ခေတ် (အေဒီ ၁၁၀၀-၁၄၀၀ ခန့်)တွင် ရေးသည့်ကျမ်းစာအဖြစ်လည်း ဖော်ပြကြသည်[၃]။

ခုဒ္ဒသိက္ခာဋီကာဟောင်း၌ အောက်ပါ ဖော်ပြချက်တစ်ရပ်ပါရှိသည်-

**ထေရေန** ပန **ဥတ္တရဝိဟာရဝါသီနံ** ခုဒ္ဒသိက္ခာယ အာဂတနယေန ဝုတ္တံ။ တေသံ ပန-
'သပ္ပိ နဝနီတံ တေလံ၊ မဓု ဖာဏိတပဉ္စမံ။
အစ္ဆမစ္ဆဝသာဒိ စ၊ ယောန္တိ သတ္တာဟကာလိကာ'တိ - ဧဝ မာဂတံ (ယင်း၊ စာ- ၁၁၃)။

(အရှင်ဓမ္မသိရိ)မထေရ်သည် ဥတ္တရဝိဟာရ(အဘယဂိရိ)ဝါသီမထေရ်တို့၏ ခုဒ္ဒသိက္ခာကျမ်း၌ လာသည့်အတိုင်း မိန့်ဆိုသည်။ အဘယဂိရိဝါသီတို့အလို (ခုဒ္ဒသိက္ခာပါဠိမှာ) 'သပ္ပိ။ပ။ကာလိကာ'ဟု ဖြစ်သည်'

ဤအလို အဘယဂိရိဝါသီတို့ အသုံးပြုသော ခုဒ္ဒသိက္ခာကျမ်းရှိသည်ဟု ဆိုလိုရိပ်ထင်သည်။ ပါဠိဘာသာ မဟာဝံသကျမ်းမပေါ်မီက သီဟိုဠ်ဘာသာဖြင့် မဟာဝံသကျမ်းရှိသကဲ့သို့ ခုဒ္ဒသိက္ခာသီဟိုဠ်ဘာကျမ်း ရှိခဲ့သလောဟု ယူဆဖွယ်ဖြစ်သည်။ ထို့ပြင် ပါဠိဘာသာခုဒ္ဒသိက္ခာကျမ်းသည် အရှင်မဟာဗုဒ္ဓဃောသတို့ သီဟိုဠ်သို့ မရောက်မီကပင် ရှိခဲ့သလောဟုလည်း စဉ်းစားနိုင်ပြန်သည်။

ခုဒ္ဒသိက္ခာဋီကာဟောင်း၌ ဖော်ပြထားချက်နှင့်ပတ်သက်၍ ဆရာတော်ဦးဗုဓ်၏ ခုဒ္ဒသိက္ခာနိဿယ၌ဖော်ပြသော မှတ်ချက်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်-

'ခုဒ္ဒသိက္ခာဋီကာဟောင်း၌ အဘယဂိရိဝါသီတို့၏ ခုဒ္ဒသိက္ခာပါဌ်များကိုပြသောကြောင့် သာသနာ-၄၄၅ တွင် နန်းတက် ၍ ၁၂-နှစ် မင်းမူသော ပိတုရာဇာမည်သော အဘယဝဋ္ဋဂါမဏိမင်း လက်ထက်တွင် အဘယဂိရိဝါသီဂိုဏ်း ဖြစ်သည်။ သာသနာ-၉၃၀ ပြည့် မဟာနာမမင်း ၁၂-နှစ်တွင် ရှင်ဗုဒ္ဓဃောသ သီဟိုဠ်သို့ရောက်သည်ကို ဆိုသည်များနှင့် ကာလမညီခဲ့တကားဟူမူ အဘယဂိရိဝါသီအနွယ်အဆက်သည် သာရတ္ထဒီပနီဋီကာရှင်တို့ဒကာ **ပရက္ကမ**လက်ထက် ၁၅၈၇-တိုင်မှ သုံးဂိုဏ်းသားညီညွတ်

[၁] ဝဇိရ-ဋီ၊ ၂၆၇။

[၂] Dr. Malalasekera, Pali Literature of Ceylon , p. 76

[၃] QUANG MINH Temple, AUSTRALIA (Web Site)

၍ ဝါဒတူမျှသည်။ ထို့ကြောင့် **ဓမ္မသိရိ**ထေရ်ပြုသည့်နောက် အဘယဂိရိဝါသီဂိုဏ်းသို့ရောက်၍ မိမိတို့ဝါဒအလျောက် ပြုပြင်သောပါဠ်ကို ဋီကာဟောင်းပြသောကြောင့် ကာလမဆန့် ဟူပေ’

အဘယဂိရိဝါသီဂိုဏ်းသည် သာသနာ-၄၄၅ (ဘီစီ ၉၈)တွင်စတင်ခဲ့သည်။ ခုဒ္ဒသိက္ခာဋီကာဟောင်း၌ အဘယဂိရိဝါသီတို့၏ ခုဒ္ဒသိက္ခာပါဠ်များကို ပြသော်လည်း ခုဒ္ဒသိက္ခာသည် အရှင်ဗုဒ္ဓဃောသ သီဟိုဠ်သို့ရောက်ပြီးမှသာ ရေးသောကျမ်းဖြသည်။ အကြောင်းမူ အဆိုပါဂိုဏ်းမှာ သာသနာ-၁၅၈၇(အေဒီ-၁၂ ရာစု)အထိတည်ရှိခဲ့သောကြောင့် ဖြစ်သည်။ အရှင်ဗုဒ္ဓဃောသသီဟိုဠ်ရောက်ပြီးနောက် တစ်ချိန်ချိန်တွင် အရှင်ဓမ္မသိရိရေးသော ခုဒ္ဒသိက္ခာကို ယင်းဂိုဏ်းသားတို့က မိမိတို့အယူအဆနှင့်ကိုက်အောင် ပြင်ဆင်ထားသည်ဟု ဆိုလိုခြင်းဖြစ်သည်။

မြန်မာပညာရှိတို့ အစဉ်အလာယူဆချက်မှာ ဆရာတော်ဦးဗုဓ်ယူဆခဲ့သည့် အတိုင်းဖြစ်သည်။ ဆရာတော်ဦးဗုဓ်သည် ပိဋကတ်ကျမ်းဂန်ကို အထပ်ထပ် ကြည့်ရှုပို့ချခြင်းမှ ရရှိသည့်အတွေ့အကြုံဖြင့် မိန့်ဆိုချက်ဖြစ်၍ ဆရာတော်၏ယူဆချက်မှာ ခွန်အားရှိသည်။ အမှန်သော် ဆရာတော်သည် ဝဇိရဗုဒ္ဓိဋီကာအဆိုကို အခြေပြု၍ဆိုခြင်းသာဖြစ်သည်။ အရှင်ဝဇိရဗုဒ္ဓိသည် **ပရက္ကမဗာဟု**ကျောက်စာထက်ပင် ရှေးကျဖွယ်ရှိသောကြောင့် အရှင်မြတ်၏အဆိုသည်လည်း အဆိုပါကျောက်စာကဲ့သို့ပင် ခိုင်လုံနိုင်သည်။

အရှင်ဓမ္မသိရိသည် အရှင်မဟာဗုဒ္ဓဃောသ၏ တပည့်ဖြစ်နိုင်ပုံကို ဆရာတော်ဦးဗုဓ်ယူဆသည့်အတိုင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ပါက ခုဒ္ဒသိက္ခာကျမ်းပြုအရှင်ဓမ္မသိရိသည် အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသနှင့် ခေတ်ပြိုင် သို့မဟုတ် အတန်ငယ် နောက်ကျသည်ဟု ကောက်ချက်ဆွဲယူနိုင်သည်။

## ဆရာတော်ဦးဗုဓ်၏ဝေဖန်ချက်

ခုဒ္ဒသိက္ခာကျမ်းနိဂုံး၌ အောက်ပါဂါထာ တစ်ပုဒ်ပါရှိသည်-

“တေန ဓမ္မသိရကေန၊ တမ္ဗပဏ္ဏိယကေတုနာ။
ထေရေန ရစိတာ၊ ဓမ္မဝိနယညုပသံဟိတာ။
“သီဟိုဠ်ကျွန်း၏ အလံတံခွန်သဖွယ်ဖြစ်ပြီး ဓမ္မဝိနယနှင့် ပတ်သက်ပြီး ချီးမွမ်းခြင်းခံရသည့် ထိုဓမ္မသိရိမထေရ်သည် (ခုဒ္ဒသိက္ခာကျမ်းကို) ရေးစီရင်ပြီ”

အထက်ပါရေးသားချက်နှင့် ပတ်သက်ပြီး ဆရာတော်ဦးဗုဓ်က အောက်ပါအတိုင်း ဝေဖန်ထားသည်-

“ဤမထေရ်၏ ဓမ္မဝိနယညုအဖြစ် ပြီးသော်လည်း မူလဋီကာဝယ် ဒွါရသံသန္ဒနာမှစ၍ ထိုထိုအရာ **ကေစိဝါဒ** ပြသမျှ၌ ဓမ္မသိရိမထေရ်ကိုရည်လျက် ကေစိယူသည်ဟူ၍ များသောအားဖြင့် အနုဋီကာ၌ဖွင့်ပြ၏။ ထိုမူလဋီကာပြု အနန္ဒာဆရာ၏ ဝိနည်းအဆုံးအဖြတ်ကို ဝဇိရဗုဒ္ဓိဋီကာ၌ ပြသည်ကိုလည်း နောက်ဋီကာရှင်တို့ မကြိုက်သည်များ၏။ ထို့ကြောင့် ထိုဆရာတို့ ဓမ္မဝိနယညုချည်းဖြစ်ကြသော်လည်း တစ်ခုစီ သာလွန်သည်ကို သိအပ်၏”

ဆရာတော်ဦးဗုဓ်၏ အာဘော်မှာ “အရှင်ဓမ္မသိရိမထေရ်က ခုဒ္ဒသိက္ခာနိဂုံး၌ မိမိကိုယ်ကိုမိမိ ဓမ္မဝိနယညု (ဓမ္မနှင့်ဝိနယကိုသိသူ)အဖြစ် ချီးမွမ်းခံရကြောင်း ဖော်ပြထားသည်။ သို့သော် မူလဋီကာဆရာ အရှင်အာနန္ဒာက ထိုအရှင်ဓမ္မသိရိကိုရည်ရွယ်ပြီး မိမိထက် နိမ့်သူအနေဖြင့် ‘ကေစိ’ ဟုဖော်ပြထားသည်။ တစ်ဖန် ဝဇိရဗုဒ္ဓိဋီကာကျမ်းပြု အရှင်ဝဇိရဗုဒ္ဓိက အဆိုပါမူလဋီကာရှင် အရှင်နန္ဒာအား **အာစရိယ** (ဆရာအရှင်)ဟု လေးစားစွာခေါ်ဝေါ်လျက် မိမိ၏ဋီကာ၌ ထိုအရှင်အာနန္ဒာ၏ ဝိနည်းအယူအဆအချို့ကိုဖော်ပြပြန်သည်။ သို့ရာတွင် ယင်းဖော်ပြချက်များကို နောက်ဋီကာကျမ်းပြုပုဂ္ဂိုလ်များ မနှစ်သက်သည်ကများသည်။ ထို့ကြောင့် ပညာရှင် ဋီကာကျမ်းပြုပုဂ္ဂိုလ်များမှာ သူ့နည်းသူ့ဟန်ဖြင့် သာလွန်ကြသည်သာဖြစ်၏”ဟု ဆိုလိုသည်။

ဆရာတော်ဦးဗုဓ်၏ မှတ်ချက်အရ နားလည်ရသည်မှာ “အနုဋီကာ၌ ကေစိထိုးခံရသူ ဓမ္မသိရိထေရ်မှာ ခုဒ္ဒသိက္ခာကျမ်းပြုသူဖြစ်သည်၊ တစ်ဖန် ဝဇိရဗုဒ္ဓိ၌ ဖော်ပြသည့် **ကလသပုရ**မြို့နေ အရှင်အာနန္ဒာဟူသည် မူလဋီကာကျမ်းပြုသူ ဖြစ်သည်” ဟူ၍ဖြစ်သည်။

ဆရာတော်ဦးဗုဓ်၏ နောက်မှတ်ချက် တစ်ခုမှာ အောက်ပါ အတိုင်းဖြစ်သည်-

“ဝိနည်း၌ အရှင်ဓမ္မသိရိမထေရ်၏ ဝိနိစ္ဆယ ပမာဏဖြစ်သင့်သည်ကို ဓမ္မသိရိထေရ်ကား အဋ္ဌကထာဆရာတို့ထံ၌ အဆုံးအဖြတ်ကို ကြားနာမှတ်သားဖူး၏ဟူ၍ ဝဇိရဗုဒ္ဓိ၌ မိန့်၏။ ထိုစကားကိုစွဲ၍ ဓမ္မသိရိထေရ်ကား ဆရာဗုဒ္ဓဃောသ၏ တပည့်ဟူ၍ ပြောဆိုစဉ်ပြုကြသည်။ ယင်းသို့ ပြုသော်လည်း ဝိသုဒ္ဓိမဂ်၌ ကမ္မဋ္ဌာန်းမယူအပ်သသူကို ‘ယဿ ဧကေသင်္ဂီတိမ္ပိ အဋ္ဌကထာယ သဒ္ဓိံ ပဂုဏာ၊ သယဉ္စ လဇ္ဇီ ဟောတိ၊ တဿ သန္တိကေ ဂဟေတဗ္ဗံ’ ဟူရာ၌ **ပဂုဏအဋ္ဌကထာ**ကို လိုအပ်သကဲ့သို့ ဤ၌လည်း မဟာပဒုမစသောမထေရ်တို့ကဲ့သို့ အဋ္ဌကထာ၌ **အတိပဂုဏ**ဖြစ်သူကို အလိုရှိအပ်၏”

ဆိုလိုသည်မှာ အရှင်ဓမ္မသိရိသည် အဋ္ဌကထာဆရာများထံ၌ နည်းခံသင်ယူဖူးသော်လည်း အဋ္ဌကထာကျမ်းတို့ကို အကြည့်အရှု အလေ့အလာပိုများသူ၏ အဆုံးအဖြတ်သည်သာ အဓိကကျသည်ဟူ၍ဖြစ်သည်။ ☺☺☺

Ashin Kelasa
1651 E Manhatton Dr
Tempe, AZ 85282 USA